myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

February 13, 2019 Volume 16, Number 8

**၁၃.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၃/ကျပ် |
| CBM Rate | = ၁၅၃၆.၈/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၀.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၃.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၃.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၈.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၂၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၇၆၆ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၉၉ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၇.၇၈ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၉၉ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## ဂျပန် Oshima ကုမ္ပဏီက မြန်မာနိုင်ငံတွင် ဆန်စပါးအခြောက်ခံစက်များ ထုတ်လုပ်မည်

ဂျပန်နိုင်ငံ Oshima Agricultural Machinery MFG. Co. က လာမည့် မတ်လ အစောပိုင်းတွင် မြန်မာနိုင်ငံ၌ ဆန်စပါးအခြောက်ခံစက်များ စတင်ထုတ်လုပ်မည် ဖြစ်သည်။ ယင်းကုမ္ပဏီသည် ရန်ကုန်မြို့ သီလဝါစက်မှုဇုန်တွင် စက်ရုံ တည်ထောင်ထားပြီး နှစ်စဉ် ဆန်စပါးအခြောက်ခံစက်အလုံးရေ ၁၀၀ ထုတ်လုပ် မည်ဖြစ်ကာ ပထမ ၁ နှစ်အတွင်း စက်အလုံးရေ ၁၀ လုံး ရောင်းချနိုင်ရန် ရည်မှန်း ထားသည်ဟု Oshima ကုမ္ပဏီ ဥက္ကဋ္ဌ နိဘူဟီကိုအိုရှီးမားကပြောသည်။

ဂျပန်နိုင်ငံတွင် လယ်ယာလုပ်ကိုင်သူဦးရေနှင့် လူဦးရေကျဆင်းလာခြင်းကြောင့် Oshima ကုမ္ပဏီမှာ ပြည်တွင်းဈေးကွက်တွင် အကျပ်အတည်းနှင့်ရင်ဆိုင်နေရရာ မြန်မာဈေးကွက်သို့ ဝင်ရောက် လုပ်ကိုင်လာခြင်းဖြစ်သည်။ မြန်မာတောင်သူများမှာ ဆန်စပါးကို မိရိုးဖလာဓလေ့အတိုင်း မြေကြီးပေါ်တွင် နေလှန်းပြီး အခြောက်ခံလေ့ ရှိရာ မကြိတ်ခွဲမီ စပါးအခြောက်ခံသည့်စနစ်က လုပ်သားအင်အား အများအပြား အသုံးပြုရသည်။

Oshima ကုမ္ပဏီမှရောင်းချမည့် စပါးခြောက်ခံစက်မှာ ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၃၅၀၀၀ တန်ဖိုးရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ခုနစ်ခုမြောက် ဆန်စပါးအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သော်လည်း ထုတ်လုပ်မှုပိုင်းတွင် အိမ်နီးချင်း ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့၏ နောက်တွင် ကျန်ရစ် နေဆဲဖြစ်သည်။ Oshima ကုမ္ပဏီသည် ၂၀၁၇ ခုနစ်က မြန်မာနိုင်ငံတွင် Oshimanoki Myanmar Co. ကိုတည်ထောင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်းရှိကာ ဝန်ထမ်း ၂၀ ခန့်အပ်ထားသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020023

## မြန်မာအပါအဝင် ဈေးကွက်တွေဆီ ပို့ကုန်တွေစတင်တင်ပို့ နေပြီဖြစ်တဲ့ အိန္ဒိယရေနံကုမ္ပဏီ IOCL

အိန္ဒိယနိုင်ငံပိုင် ရေနံနဲ့သဘာဝဓာတ်ငွေ့ ကုမ္ပဏီဖြစ်တဲ့ Indian Oil Corporation Limited (IOCL) ကတော့ ယခုအခါ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မလေးရှား၊ စင်ကာပူနဲ့ မြန်မာတို့ဆီ ယင်းရဲ့ပို့ကုန်တွေကို စတင်တင်ပို့နေပြီဖြစ်ကြောင်း သိရပါတယ်။

IOCL အနေနဲ့ Paradip မြို့မှာရှိတဲ့ ယင်းရဲ့ရေနံချက်စက်ရုံကနေတဆင့် ပို့ကုန်တွေကို အထက်ပါဈေးကွက်နိုင်ငံတွေဆီ တင်ပို့နေတာဖြစ်တယ်လို့လည်း သိရ ပါတယ်။ယခု တင်ပို့တဲ့ ပို့ကုန်တွေထဲမှာတော့ ဓာတ်ဆီ၊ ဒီဇယ်၊လေယာဉ်ဆီစတဲ့ ထုတ်ကုန်တွေပါဝင်နေတယ်လို့လည်း သိရပါတယ်။

ထုတ်ကုန်တွေကို အရှေ့ဘက်စွန်းခြမ်းနိုင်ငံတွေနဲ့ အိမ်နီးချင်းနိုင်ငံတွေဆီ တင်ပို့

သွားနိုင်ဖို့ကြိုးပမ်းနေပါတယ်၊ လာမယ့်ဘဏ္ဍာနှစ်မှာ ၁၀၀ ရာခိုင်နှုန်းအပြည့်အ၀ အသုံးချလုပ်သွားနိုင်ဖို့ရည်မှန်းထားကြောင်း IOCL က အဆင့်မြင့်တာဝန်ရှိသူတစ်ဦးက ပြောသွားပါတယ်။ လက်ရှိမှာတော့ တင်ပို့နေတဲ့ပို့ကုန်တွေဟာ IOCL ရဲ့ Paradipရေနံချက်စက်ရုံ ထုတ်လုပ်မှုရဲ့ ၁၀ ရာခိုင်နှုန်းသာဖြစ်ကြောင်းလည်းသိရပါတယ်။

**Source: https://www.business-standard.com/…/iocl-begins-naphtha-die…**

## ပြည်တွင်း၌ ဆန်တန်ချိန် ၁ သန်းကျော် ပိုလျှံနိုင်သည့်အတွက် သိုလှောင်မှုကဏ္ဍ အခက်အခဲဖြစ်လာနိုင်

ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှုမှာ ယခင်နှစ်ထက် တန်ချိန် ၁ သန်းကျော် လျော့ကျနိုင်သည့်အတွက် ပြည်တွင်း၌ ပိုလျှံနေသည့်ဆန်များကို သိုလှောင်ရန်ကဏ္ဍတွင် အခက်အခဲများဖြစ်လာနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးချစ်ခိုင်ကပြောသည်။

ပြီးခဲ့သည့်နှစ်တွင် ပြည်ပသို့ဆန်တန်ချိန် ၃ ဒသမ၅ သန်းခန့် စံချိန်တင်တင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ပြည်ပဈေးကွက်အနေအထားအရ ဆန်တန်ချိန် ၂ သန်းကျော်သာ တင်ပို့နိုင်ရန်လျာထားသည့်အတွက် ဆန်တန်ချိန် ၁ သန်းကျော်ပိုလျှံလာမည်ဖြစ်သည်။ တရုတ်နယ်စပ်ဒေသကုန်သွယ်ရေးက ထက်ဝက်နီးပါးလျော့ကျသွားကြောင်း၊ EU ရဲ့ ပိတ်ဆို့မှုကြောင့်လည်း လျော့ကျသွားကြောင်း၊ နွေစပါးပေါ်ရင် ဆန်သိုလှောင်ရုံ အခက်အခဲကို စိုးရိမ်နေရသဖြင့် အခုထဲက အဖွဲ့ချုပ်က စဉ်းစားနေရကြောင်း ဦးချစ်ခိုင်ကပြောသည်။ ယခုအခါတွင် အဆိုပါ ပိုလျှံဆန်တန်ချိန် ၁ သန်းကျော်အတွက် သိုလှောင်ရန်နေရာ လိုအပ်ချက်ရှိလာနေပြီဖြစ်ကြောင်း ဦးချစ်ခိုင်ကဆိုသည်။

ဆန်သိုလှောင်ရုံ အခက်အခဲဖြစ်ပေါ်လာပါက ဆန်အိတ်များပျက်စီးလာနိုင်ခြင်း၊ ကုန်သည်များမှလည်း မိမိတို့၏ ဆန်ကိုသိုလှောင်ရန်နေရာမရှိပါက တရားမဝင်လမ်းကြောင်းမှ တင်ပို့လာနိုင်ခြင်းများရှိလာနိုင်ကြောင်း ရွှေဘိုမြို့မှ ဆန်ကုန်ဦးစံဝင်းကပြောသည်။ လက်ရှိ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် အခက်အခဲများကြောင့် ဆန်တန်ချိန် ၂ သန်းကျော်သာ ပြည်ပသို့ တင်ပို့နိုင်ရန် ရည်ရွယ်ထားသော်လည်း၊ လာမည့် ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၄ သန်းခန့် တင်ပို့နိုင်ရည်ရွယ်ထားပြီး ပြည်ပပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့် ရရှိနိုင်ရန်ရည်ရွယ်ထားသည်။

ပြီးခဲ့သည့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်တန်ချိန် ၃ဒသမ၅၈ သန်းခန့်တင်ပို့နိုင်ခဲ့သည်။ ယင်းပမာဏမှာ ပြည်ပဆန်တင်ပို့မှု သက်တမ်းတစ်လျှောက် ပမာဏအများဆုံးတင်ပို့နိုင်ခဲ့မှုဖြစ်ပြီး ပြည်ပပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ၁ ဘီလီယံကျော်ရရှိခဲ့သည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5839

## ရော်ဘာဈေးနှုန်း ထက်ဝက်ကျ



ပြည်တွင်းရော်ဘာဈေးနှုန်းက ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင် ထက်ဝက်ခန့်ကျဆင်းနေပြီး အရောင်းအဝယ်သိပ်မဖြစ်ဘူးလို့ ရော်ဘာစိုက်တောင်သူတွေထံက သိရပါတယ်။ လက်ရှိပြည်တွင်း ရော်ဘာဈေးက တစ်ပေါင် ကို ကျပ် ၇၀၀ ကျော်ရှိပြီး အရည်အသွေးနိမ့်ဆိုရင်တော့ တစ်ပေါင်ကို ကျပ် ၅၀၀၊ ၆၀၀ ပဲ ရှိတယ်လို့ သိရပါတယ်။ မနှစ်က ဒီလိုအချိန်မှာ ရော်ဘာတစ်ပေါင်ကို ကျပ် ၁၄၀၀ ရှိပေမဲ့ သည်နှစ်စ ရော်ဘာသွင်းချိန်မှာ တစ်ပေါင်ကို ကျပ် ၁၀၀၀ ရှိပါတယ်။ လက်ရှိမှာတော့ တစ်ပေါင်ကို ကျပ် ၇၅၀ဖြစ်နေတာ နှစ်လလောက်ရှိပြီလို့ သိရပါတယ်။

၂၀၁၂ ခုနှစ်မှာ ရော်ဘာဈေးနှုန်းက တစ်ပေါင်ကို ကျပ် ၁၇၀၀ အထိ ဈေးတက်ခဲ့ပြီး နောက်ပိုင်းနှစ်တွေမှာ တဖြည်းဖြည်းနဲ့ ဈေးတွေကျလာပါတယ်။ နောက်ပိုင်း ရော်ဘာပေါ်ခါစမှာ ကျပ် ၁၀၀၀ ရှိပြီး ရော်ဘာတွေအပြိုင်အဆိုင်ပေါ်ချိန်မှာတော့ ရော်ဘာတစ်ပေါင်ကို ကျပ် ၇၀၀ ဝန်းကျင်အတွင်း အရောင်းအဝယ်ဆိုင်းနေပြီး ၂၀၁၃ ကနေ ၂၀၁၅ အထိ ရော်ဘာတစ်ပေါင်ကို ကျပ် ၅၀၀ အထိ ဈေးနှုန်းကျသွားတယ်လို့ ရော်ဘာစိုက်တောင်သူတွေထံက သိရပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ရော်ဘာ တစ်ပေါင်ကို ကျပ် ၁၄၀၀ အထိ ပြန်တက်ခဲ့ပြီး ဒီဈေးမှာလည်း ခဏသာ အရောင်းအဝယ်ဖြစ်ပြီး နောက်ပိုင်းဈေးတွေဆက်ကျလာတယ်လို့သိရပါတယ်။ ပြည်တွင်းရော်ဘာတွေဟာ ပြည်ပရော်ဘာတွေနဲ့နှိုင်းယှဉ်ရင် တင်ပို့မှုရာခိုင်နှုန်းက အနိမ့်ဆုံးမို့ ပြည်ပနိုင်ငံတွေက ရော်ဘာဝယ်လိုအားတွေ ကျဆင်းလာတာဖြစ်ပါတယ်။ ပြည်တွင်းကရော်ဘာတွေကို တရုတ်နယ်စပ် မူဆယ်ကနေ တရုတ်ပြည်ကို တင်ပို့ရောင်းချတဲ့အပြင် ထိုင်းနဲ့ဂျပန်ကိုလည်း တင်ပို့ရောင်းချတယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-32308?fbclid=IwAR3Tkj0e4TwJ0T6zQaDJvleNMF-f11nUNnU2eTky57fjaRauzdFtX4Iux14

## နိုင်ငံခြားငွေ ရောင်းဝယ်ခွင့်လိုင်စင်ရ ဘဏ်များထားရှိရမည့် မ,တည်ရင်းနှီးငွေကို ညွှန်ကြားချက်ထုတ်ပြန်

နိုင်ငံခြားငွေ ရောင်းဝယ်ခွင့်ရရှိထားသော ဘဏ်များသည် ကန်ဒေါ်လာအပါအဝင် နိုင်ငံခြားငွေရောင်းဝယ်ရာတွင် မူလမ,တည်ရင်းနှီးငွေ၏ ၂၀ ရာခိုင်နှုန်းကို ဘဏ်၌ထားရှိရမည်ဟု ဗဟိုဘဏ်က ဖေဖော်ဝါရီ ၁၁ ရက်တွင် ညွှန်ကြားချက်ထုတ်ပြန်သည်။

ဗဟိုဘဏ်ညွှန်ကြားချက်တွင် သတ်မှတ်နိုင်ငံခြား မ,တည်ရင်းနှီးငွေ ရာခိုင်နှုန်းထက်ကျော်လွန်ပါက ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး သတ်မှတ်မ,တည်ရင်းနှီးငွေထက်ကျော်လွန်သည့်ပမာဏကို တွက်ချက်ကာ ပထမသုံးရက်တွင် ဝ ဒသမ ၅ ရာခိုင်နှုန်း၊ ဒုတိယငါးရက်တွင် ၁ ရာခိုင်နှုန်း ဗဟိုဘဏ်သို့ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်သည်။ ဘဏ်များတွင် နိုင်ငံခြားသုံးငွေ လက်ကျန်ထိန်းသိမ်းရာ၌ မည်သည့်နိုင်ငံခြားငွေမဆို လိုငွေအခြေအနေ၊ ပိုငွေအခြေအနေ မဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဗဟိုဘဏ်ကဆိုထားသည်။ ယခုညွှန်ကြားချက်သည် ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် စတင်အသက်ဝင်မည်ဟု ဗဟိုဘဏ်ကညွှန်ကြားချက်၌ဖော်ပြထားသည်။

မြန်မာနိုင်ငံ၌ ဘဏ်တစ်ခုဖွင့်လှစ်ပါက မ,တည်ရင်းနှီးငွေ ကျပ် ဘီလီယံ ၂၀ ရှိရမည်ဟု ဗဟိုဘဏ်က သတ်မှတ်ထားသည်။ ထို့အပြင် နိုင်ငံခြားငွေ ရောင်းဝယ်ခွင့်လိုင်စင်ရရှိထားသည့် ဘဏ်အနေဖြင့် မ,တည်ငွေ ဒေါ်လာငါးသန်း ထပ်မံဖြည့်ရမည် ဖြစ်သည်။ ဗဟိုဘဏ်ညွှန်ကြားချက်က မ,တည်ရင်းနှီးငွေ ဒေါ်လာငါးသန်း၏ ၂၀ ရာခိုင်နှုန်း (ဒေါ်လာ တစ်သန်း) ကို နိုင်ငံခြားငွေ ရောင်းဝယ်ခွင့်လိုင်စင်ရသော ဘဏ်များတွင်ထားရှိရမည်ဖြစ်သည်။ ညွှန်ကြားချက်က အများပြည်သူနဲ့ မဆိုင်ဘဲ ဘဏ်တွေလိုက်နာဖို့သာဖြစ်ကြောင်း ဘဏ်လုပ်ငန်း အကြံပေး ဦးရဲမင်းဦးကပြောကြားသည်။ နိုင်ငံခြားငွေ ရောင်းဝယ်မှုနှင့်ပတ်သက်၍ ဖြေလျှော့မှုများစွာပေးထားသော ဗဟိုဘဏ်အနေဖြင့် ကြပ်မတ်မှုအချို့ ဆောင်ရွက်ခြင်း ဖြစ်သည်ဟု ဦးရဲမင်းဦးက ၎င်း၏အမြင်ကိုပြောသည်။

**Source:** http://www.7daydaily.com/story/149787

## ပဲ၊ နှမ်း အများပိုင်ကုမ္ပဏီက မတ်ပဲနှင့်ပဲစင်းငုံကို ငွေကြေးစိုက်ထုတ်၍ဝယ်ယူရန်ပြင်ဆင်နေ

ပုဂ္ဂလိကကုန်သည်များ စုဖွဲ့ထားသော မြန်မာနိုင်ငံပဲ၊ နှမ်းအများပိုင်ကုမ္ပဏီက ဈေးကွက်အတွင်း အသစ်ဝင်ရောက်လာမည့် မတ်ပဲနှင့်ပဲစင်းငုံကို ငွေကြေးစိုက်ထုတ်၍ ဝယ်ယူရန်စီစဉ်နေသည်။

အိန္ဒိယက မတ်လကုန်အထိ မြန်မာနိုင်ငံမှ ပဲဝယ်ယူရန် မသေချာသည့် အခြေအနေမျိုးတွင် ပြည်တွင်း၌ပဲဈေးကျဆင်းပြီး တောင်သူလယ်သမားများ အခက်အခဲတွေ့နိုင်သဖြင့်စိုးရိမ်၍ စီစဉ်ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည် အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

ဇန်နဝါရီ ၃၁ ရက်စွဲဖြင့် အိန္ဒိယနိုင်ငံ အကောက်ခွန်ဌာနက ထုတ်ပြန်သည့် ပြည်ပမှ တင်သွင်းလာသည့် ပဲများကို ဆိပ်ကမ်းမှ ထုတ်ယူခွင့်မပြုတော့ကြောင်း စာတစ်စောင်က ပြည်တွင်းပဲဈေးကွက်ကို ဂယက်ရိုက်စေခဲ့သည်။

မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ပျိုး ရိတ်သိမ်းအပြီး ဆောင်းရာသီစိုက် မတ်ပဲက လာမည့်မတ်လတွင် ရိတ်သိမ်းထုတ်လုပ်မည်ဖြစ်ရာ ဈေးကွက်အတွင်းသို့ တန်ချိန်လေးသိန်းခန့် အသစ်ဝင်လာမည့် မတ်ပဲများအတွက် အိန္ဒိယအကောက်ခွန်ဌာန၏ ကြေညာချက်က စိန်ခေါ်မှုတစ်ခုဖြစ်သည်ဟု လွတ်လပ်သော တောင်သူလယ်သမားအသင်းချုပ် ဥက္ကဋ္ဌဦးသိန်းအောင်က ပြောသည်။

ပဲစိုက်တောင်သူများ အကျိုးအမြတ်နည်းမည့် အခြေအနေမျိုး ကြုံတွေ့ခဲ့ရသည်က ယခုနှစ် အပါအဝင် ၂ နှစ်ခန့်ရှိလာသည်။ ၂၀၁၇ ဩဂုတ်ကလည်း အိန္ဒိယ၏ ပဲတင်သွင်းမှု ကန့်သတ်ချက်ကြောင့် ပြည်တွင်း၌ မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်း ကျဆင်းပြီး တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်အခက်အခဲဖြစ်ခဲ့သည်။ ထိုအခြေအနေမျိုးကို ၂၀၁၉ တွင် ထပ်မံကြုံတွေ့လာနိုင်ခြင်းကြောင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းက ဈေးနှုန်းသတ်မှတ်၊ ငွေကြေး စိုက်ထုတ်ပြီး ပဲဝယ်ယူရန်စီစဉ်ခြင်းဖြစ်သည်။ ထို့အပြင် အိန္ဒိယနှင့် မြန်မာအစိုးရချင်း သဘောတူညီမှုဖြင့် ပဲရောင်းချရေး အလျင်အမြန် အကောင်အထည်ဖော်ရန်နှင့် အိန္ဒိယမှပဲဝယ်ယူရေးခွဲတမ်းပိုမိုရရှိရန် စီးပွားကူးသန်းဝန်ကြီးဌာနသို့ တိုက်တွန်းထားကြောင်း ဘုရင့်နောင်ပဲကုန်စည်ဒိုင်မှ ကုန်သည်အချို့ကပြောသည်။ ဖေဖော်ဝါရီ ၉ ရက်က ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ပြုလုပ်သည့် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပညာရှင်များပါဝင်သော ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် အသင်းကတင်ပြခြင်းဖြစ်သည်။

အစိုးရချင်း သဘောတူညီချက်ဖြင့် အိန္ဒိယသို့ ပဲရောင်းချရေး အစီအစဉ်သည် ဖေဖော်ဝါရီ ၁၁ ရက် အထိ အကောင်အထည် မဖော်နိုင်သေးပေ။ အိန္ဒိယနိုင်ငံသို့ ပေးပို့ထားသော စာချုပ်များကို ပြန်လည်ပေးပို့ခြင်းမရှိသေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ကပြောသည်။ အဆိုပါအစည်းအဝေးတွင် ပုဂ္ဂလိကကဏ္ဍ

ကုန်သည်များက ငွေကြေး စိုက်ထုတ်ပြီး ပဲဝယ်ယူရန် စီစဉ်သကဲ့သို့ အစိုးရထံမှလည်း ချေးငွေယူ၍ ဆောင်ရွက်ရန် အစိုးရထံ တင်ပြထားကြောင်း ဘုရင့်နောင်မှ ကုန်သည်အချို့က ပြောသည်။
အိန္ဒိယမှ ပဲအဝယ်ကန့်သတ်ခဲ့သော ၂၀၁၇ တွင်လည်း ကျပ်ဘီလီယံ ၁၀၀ ကို အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းရန်ပုံငွေ ထူထောင်၍ မတ်ပဲနှင့် ပဲစင်းငုံကို ဈေးနှုန်းသတ်မှတ်ပြီး ဝယ်ယူခဲ့သည်

**Source:** http://www.7daydaily.com/story/149717

## လက်ဖက်ဈေးကွက်ချဲ့ထွင်မှုများ လုပ်ဆောင်နိုင်ရန် အာဆီယံနိုင်ငံများလက်ဖက်အသင်းနှင့် မြန်မာနိုင်ငံလက်ဖက်အသင်းတို့ MOU ရေးထိုး

နည်းပညာနှင့်ဈေးကွက်ချဲ့ထွင်မှုများ လုပ်ဆောင်နိုင်ရန် မြန်မာနိုင်ငံလက်ဖက်အသင်း (Myanmar Tea Association)နှင့် အာဆီယံနိုင်ငံများ လက်ဖက်အသင်းတို့ ဖေဖော်ဝါရီ ၈ ရက်နေ့၊ ညနေပိုင်းက မန္တလေးမြို့၌ နားလည်မှုစာချွန်လွှာ (MOU) ရေးထိုးခဲ့ကြောင်း မြန်မာနိုင်ငံ လက်ဖက်အသင်းမှသိရသည်။
အဆိုပါ အာဆီယံလက်ဖက်အသင်းများ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံ လက်ဖက်အသင်းဥက္ကဌ ဒေါ်ညိုညိုစိန်နှင့် ထိုင်းနိုင်ငံ လက်ဖက်အသင်း၊ မလေးရှားနိုင်ငံ လက်ဖက်အသင်းတို့ကြား အသီးအသီး နားလည်မှုစာချွန်လွှာများ ရေးထိုးခဲ့ခြင်းဖြစ်သည်။
မြန်မာနိုင်ငံအနေဖြင့် အာဆီယံလက်ဖက်အသင်းသို့ ၅ နိုင်ငံမြောက်အနေဖြင့် ဝင်ရောက်လက်မှတ်ထိုးခြင်းဖြစ်ကြောင်း၊ လာမည့် မတ်လတွင် တရုတ်နိုင်ငံ စီချွမ်းမြို့နယ်တွင် အာဆီယံလက်ဖက်အသင်းဝင် ၆ နိုင်ငံ ထိရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့ လက်မှက်ရေးထိုးပြီးဖြစ်ကြောင်း မြန်မာနိုင်ငံလက်ဖက်အသင်းဒုတိယဥက္ကဌ ဦးမျိုးဝင်းအောင်ကပြောသည်။
မြန်မာလက်ဖက်အသင်းနဲ့ မလေးရှား၊ ထိုင်း လက်ဖက်အသင်းတွေနဲ့ အသင်းတစ်ခုနဲ့တစ်ခုကြား နားလည်မှုစာချွန်လွှာ ရေးထိုးခြင်းဖြစ်ကြောင်း၊ ကမ္ဘာကတော့ လက်ဖက်စားသုံးမှု ပုံစံအမျိုးမျိုးရှိပြီး စားသုံးမှုကလည်း မြင့်တက်လာပါတယ်။ အိန္ဒိယ၊ တရုတ်နိုင်ငံတွေပြီးရင် အာဆီယံဆယ်နိုင်ငံမှာထွက်ရှိတဲ့ လက်ဖက်အထွက်နှုန်းက ကမ္ဘာမှာ တတိယအကြီးဆုံးပါ။ အာဆီယံနိုင်ငံအချင်းချင်းမတူညီတဲ့ လက်ဖက်စားသုံးမှုတွေကို အချင်းချင်းချိတ်ဆက်ပြီး ကမ္ဘာ့ဈေးကွက်ကို စုံစုံလင်လင်နဲ့ ထိုးဖောက်ဖို့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ အာဆီနိုင်ငံအတွင်းမှာ ဒီနေ့အထိ ၅ နိုင်ငံမြောက်အဖြစ် မြန်မာအသင်းအနေနဲ့ ထိုးတာပါ။ လက်မှတ်ထိုးပြီးတဲ့နိုင်ငံတွေက အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာဖြစ်ပါတယ်။ လာမယ့် မတ်လမှာ အာဆီယံလက်ဖက်ကော်မတီကို ဖွဲ့စည်းသွားမှာပါ။ ဒီအချိန်မှာ အာဆီယံနိုင်ငံတွေက လာပြီးပူးပေါင်း ဆောင်ရွက်တာတွေ ကျွန်တော်တို့မသိသေးတာတွေကို မျှဝေပေးတဲ့အတွက် လက်ဖက်နဲ့ပတ်သက်ပြီး ပိုပြီး အာဆီယံ ဒေသတွင်းကို ဈေးကွက်ကိုချဲ့ထွင်နိုင်မယ်လို့ ၎င်းကပြောသည်။
တရုတ်နိုင်ငံအကူအညီဖြင့် လာမည့် မတ်လ ၁၇ ရက်မှ ၁၉ ရက်နေ့အထိ စီချွမ်းမြို့တွင် အာဆီယံလက်ဖက်အသင်းကို ဖွဲ့စည်းကာ အလှည့်ကျဥက္ကဌ တာဝန်ယူ၍ ဒေသတွင်း လက်ဖက်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အာဆီယံဒေသတွင်း နိုင်ငံငံများ၏ လက်ဖက်ထွက်ရှိမှုမှာ ကမ္ဘာ့အဆင့် နံပတ် ၃ နေရာတွင်ရှိပြီး၊ သက် တမ်းရင့် လက်ဖက်လုပ်ငန်းများ ကိုယ်စီရှိကာ မတူညီသည့် လက်ဖက်ယဉ်ကျေးမှုများကို ပူးပေါင်းဖော်ထုတ်ခြင်းဖြင့် အာဆီယံဈေး လက်ဖက်ဈေးကွက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ လက်ဖက်ကုန် ည်များအသင်း ဥက္ကဌကပြောကြားသည်။ နိုင်ငံတိုင်းမှာ လက်ဖက်နဲ့ တ်သက်ပြီး ယဉ်ကျေးမှုတွေ ကိုယ်စီရှိပါတယ်။ ဒီယဉ်ကျေးမှုတွေကို ဖော်ထုတ် ျင်တယ်။ မြန်မာနိုင်ငံမှာဆိုရင် လက်ဖက်အစို စားသုံးမှုများတယ်။ အဲ့ဒီဓလေ့ကို အာဆီယံဒေသတွေမှာ ဖော် ထုတ်ချင်တယ်။ ဒါကြောင့် နားလည်မှု ာချွန်လွှာကို အသင်းအချင်းချင်းကြား ၁ထိုးတာပါ။ အာဆီယံရဲ့ လူဦး ရ န်းပေါင်း ၆၄၀ ဈေးကွက်ကို အတူတူမျှဝေထိုးဖောက်လာနိုင်ပါမယ်လို့ ၎င်းကပြောသည်။
လက်ရှိ မြန်မာနိုင်ငံလက်ဖက်အထွက်နှုန်း တိုးတက်ရေးအတွက် မြန်မာနိုင်ငံလက်ဖက်အသင်းအနေဖြင့်၊ နိုင်ငံတကာ စိုက်ပျိုးရေးအဖွဲ့အစည်းများ၏ အကူအညီနှင့်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံလက်ဖက်အသင်းဝင်တစ်ဦးက ပြော သည်။ အနောက်နိုင်ငံ ဈေးကွက်ကို ထိုးဖောက်နိုင်ဖို့ နိုင်ငံတကာစိုက်ပျိုးရေးအဖွဲ့အစည်းတွေက ကူညီနေတာတွေ

ရှိပါတယ်။ လက်ဖက်လုပ်ငန်းရှင်တွေကို လုပ်ငန်းတွေ စနစ်တကျတိုးချဲ့လာနိုင်အောင် လုပ်ငန်းစီမံကိန်း ရေးဆွဲတာတွေ သင်ကြားပေးနေတာတွေ ရှိပါတယ်။ ကုန်ကြမ်းကိုဂယ်ပြီး ထုတ်လုပ်တဲ့ အဆင့်ကနေ ထုတ် လုပ်မှု လုပ်ငန်းစဉ် တစ်ခုလုံးကို ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ အသိပညာကို ဒီ ၅ နှစ်၊ ၆ နှစ်အတွင်းမှာ အ သိပညာတွေ ရထားကြပါပြီ။ အခုလို အာဆီယံ နိုင်ငံတွေနဲ့ အတူ ပူးပေါင်းဆောင်ရွက်ရင် မြန်မာလက်ဖက်ဈေး ကွက်က ပိုမိုကျယ်ပြန့်လာမှာပါ" ဟု ၎င်းကပြောသည်။ လက်ရှိ မိရိုးဖလာ လက်ဖက်စိုက်ပျိုးမှုများမှ အထွက်နှုန်းမြင့်မားသည့် အဆင့်မြင့် စိုက်ပျိုးနည်း စနစ်များကို စနစ်တကျပြုပြင်ဆောင်ရွက်နေပြီး လက်ရှိမြန်မာနိုင်ငံတွင် လက်ဖက်စိုက်ဧက ၂ သိန်းကျော်ရှိကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5832

## ယခုနှစ်တွင်ဆန်တန်ချိန်(၂)သန်းသာ ပြည်ပသို့တင်ပို့နိုင်ခဲ့သော်လည်း ထုတ်လုပ်မှုတန်ချိန်(၄)သန်းကျော်အထိရှိခဲ့

(၂၀၁၇)ခုနှစ်ဧပြီလမှယခုနှစ်ဖေဖော်ဝါရီလအထိဆန်တန်ချိန်(၁.၈)သန်းခန့်တင်ပို့ထားပြီး၊ ဧပြီလကုန်အထိ တန်ချိန် (၂) သန်းကျော်သာ တင်ပို့နိုင်ရန်ခန့်မှန်းထားသော်လည်း ထုတ်လုပ်မှုပမာဏမှာ တန်ချိန်(၄)သန်းကျော်အထိ ရှိနေသည်ဟု စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်အတွင်းက ပြည်ပကိုဆန်တန်ချိန် (၃.၅)သန်းကျော်တင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ်ကာလတူတွင် ဆန်တန်ချိန်(၂)သန်းကျော်သာတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ကာလတူထက်ဆန်ချိန်ချိန်(၁.၅)သန်းကျော်တင်ပို့မှုလျော့ကျခဲ့သော်လည်းထုတ်လုပ်မှုပမာဏ လျော့နည်းသွားခြင်း မရှိသည့်အခြေအနေဖြစ်သည်။ ထိုကြောင့် ပြည်တွင်း၌ဆန်သိုလှောင်မှုအခက်အခဲအချို့ ရှိလာနိုင်သည်ဟု ဆန်ကုန်သည်များက ခန့်မှန်းထားသည်။ နယ်စပ်တင်ပို့မှုက တော်တော်လေး လျော့သွားတယ်လို့ပြောရမှာပါ။ ဒါကြောင့်ပြည်တွင်း ထုတ်လုပ်မှုမှာ ဆန်တန်ချိန်(၁)သန်းကျော်လောက် အပိုရှိနေပါတယ်။ လာမယ့်ဘဏ္ဍာနှစ်မှာတော့ ဆန်တင်ပို့မှု အလားအလာကောင်းတွေရှိနေပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခင်ဘဏ္ဍာနှစ်အတွင်းက ပြည်ပဆန်တင်ပို့မှုမှာ စံချိန်တင်အနေအထားကိုရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၁.၁) ဘီလီယံကျော်အထိရရှိခဲ့ကာ လာမည့် (၂၀၂၀) ပြည့်နှစ်တွင် ဆန်တန်ချိန်(၄)သန်းအထိ ပြည်ပကိုတင်ပို့နိုင်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

**Source:** https://www.facebook.com/popularnewsjournal/

## တရုတ်နိုင်ငံမှသကြားအား အနည်းငယ်စတင်ဝယ်ယူနေပြီး ပြည်တွင်းသကြားဈေးအနည်းငယ်ပြန်တက်

တရုတ်နိုင်ငံမှမြန်မာနိုင်ငံရှိRe-Exportသကြားများအား အနည်းငယ်စတင်ဝယ်ယူနေပြီး ပြည်တွင်းသကြားဈေးနှုန်းမှာလည်းအနည်းငယ်ပြန်လည်မြင့်တက်လာကြောင်း၊ မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ယခုဖေဖော်ဝါရီလမှစတင်၍ တရုတ်နိုင်ငံမှအနည်းငယ်စတင်ဝယ်ယူနေခြင်းဖြစ်ပြီး ပြည်ပမှသကြားအဝင်မရှိခြင်း၊ ပြည်တွင်းသကြားစက်များအနေဖြင့် တွက်ခြေကိုက်မည့်သကြားဈေးနှုန်းရောက်ရန် ဈေးဆွဲတင်ခြင်းတို့ကြောင့် ပြည်တွင်းသကြားဈေးနှုန်းမှာ သကြားတစ်ပိဿာ ၁၀၀၀ ဝန်းကျင်ဈေးမှ ၁၁၀၀ ဝန်းကျင်ဈေးအထိ အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၁၈ခုနှစ်စက်တင်ဘာလမှစတင်၍တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှသကြားတင်ပို့မှု ၅လနီးပါးခန့်ရပ်နားနေရပြီး ပြည်တွင်း၌ Re Export သကြားလက်ကျန်များ စုပုံနေသည့်အတွက် ပြည်တွင်းသကြားဈေးမှာ တစ်ပိဿာလျှင် ၁၀၀၀ကျပ်ခန့် အထိကျဆင်းခဲ့ကြောင်းသိရသည်။

လက်ရှိမြန်မာနိုင်ငံ၏သကြား Import အဓိကဖြစ်သည့် တရုတ်နိုင်ငံသို့ သကြားတင်ပို့ရမှုမှာ တရားမဝင်မှောင်ခိုဈေးကွက်ဖြစ်နေသည့်အတွက် တရုတ်နိုင်ငံတွင် အဖမ်းအဆီးများပါက ပြည်တွင်းသကြားဈေးကွက်ကိုတိုက်ရိုက်ထိခိုက်နိုင်သည့် အခြေအနေတွင်ရှိနေကြောင်းအဆိုပါအသင်းထံမှသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

# STOCK EXCHANGE (13.2.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 13th Feb. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,800 | 9,000 | 8,800 | 2,745 | 24,255,000 | 27,112,747 | 244,015 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 735 | 2,168,250 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 105 | 2,310,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 43 | 116,100 | 12,212,906 | 32,975 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.17 | +0.00 | +0.00% | 376.20 | 380.17 | 376.20 | 3,628 | 28,849,350 | 5 | 519,023 |


### Index chart




# Market Overview

As of 1:00 pm, 13th Feb. 2019

| MYANPIX | 380.17 ▲ 0.00 |
|---|---|
| Total Volume (shares) | 3,628 |
| Total Value (MMK) | 29 mil |
| Listed Company | 5 |
| Market Cap. (MMK) | 519,023 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲0 |
| MTSH | 00002 | 2,950 | ▲0 |
| MCB | 00003 | 7,000 | ▲0 |
| FPB | 00004 | 22,000 | ▲0 |
| TMH | 00005 | 2,700 | ▲0 |